# **စာရင်းအင်းဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## **အခန်း (၁)**

## **အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို စာရင်းအင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစာရင်းအင်းစနစ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ ပြုစုထားရှိမှုများမှ မူလစာရင်းအင်းအချက်အလက်များကို ရည်ညွှန်းကိုးကား၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသော စနစ်ကို ဆိုသည်။

(ခ) **အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူ** ဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ်အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ပညာရှင်၊ အသင်းအဖွဲ့၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **စာရင်းအင်း** ဆိုသည်မှာ အချက်အလက်များအား ကောက်ယူစုစည်း ပြုစုခြင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်သုံးသပ်ခြင်းစသည့် အချက်အလက်များဆိုင်ရာ သိပ္ပံပညာရပ်ကို အသုံးပြု၍ ပြုစုထားသော ကိန်းဂဏန်း အချက်အလက်များကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် ဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ဆိုသည်။

(ဆ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဗဟိုကော်မတီကို ဆိုသည်။

(ဇ) **ဗဟိုစာရင်းအင်းအဖွဲ့** ဆိုသည်မှာ ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရသည့် အတွင်းရေးမှူးရုံးကိုဆိုသည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် အမျိုးသား စာရင်းအင်း အာဏာပိုင်အဖွဲ့လည်းဖြစ်သည်။

(ဈ) **စာရင်းအင်းဆိုင်ရာအကြီးအမှူး** ဆိုသည်မှာ အမျိုးသားစာရင်းအင်းဆိုင်ရာ ညှိနှိုင်းရေးမှူး ဖြစ်ပြီး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်သည့် ဗဟိုကော်မတီ၏ အတွင်းရေးမှူးကို ဆိုသည်။

(ည) **တရားဝင်စာရင်းအင်း** ဆိုသည်မှာ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ ဝန်ကြီးဌာနများမှ မှတ်တမ်းများနှင့် စာရင်းအင်းများ၊ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ စာရင်းအင်း ဆိုင်ရာအချက်အလက်စုဆောင်းမှု လုပ်ငန်းစဉ်များမှ ပြုစုရရှိသော ကိန်းဂဏန်း အချက်အလက်များကို ဆိုသည်။

(ဋ) **အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်း** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်အတွက် ရည်ရွယ် ထားခြင်း မဟုတ်သော်လည်း အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ကောက်ယူစုစည်း ထိန်းသိမ်းထားသော အချက်အလက်မှတ်တမ်းကို ဆိုသည်။

(ဌ) **သန်းခေါင်စာရင်း** ဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို အပြည့်အဝ ကောက်ယူ ထားသည့် စာရင်းအင်းဆိုင်ရာအချက်အလက်များကို အခြေခံ၍ တရားဝင် ထုတ်ပြန် ထားသည့် စာရင်းကို ဆိုသည်။

(ဍ) **စစ်တမ်း** ဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို ခန့်မှန်းသိရှိနိုင်ရေးအတွက် အချိန်ကာလတစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နမူနာ စာရင်းကောက်ယူခြင်းဖြင့် စုဆောင်းရယူထားသော စာရင်းအင်းဆိုင်ရာအချက်အလက်ကို ဆိုသည်။

(ဎ) **မူလစာရင်းအင်းအချက်အလက်** ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြား စာရင်းအင်းဆိုင်ရာ အချက်အလက်ကောက်ယူ စုဆောင်းမှုလုပ်ငန်းစဉ်များမှ တိုက်ရိုက် ကောက်ယူစုဆောင်း ရရှိသော တရားဝင်စာရင်းအင်းအတွက် အသုံးပြုရန် ရည်ညွှန်း ကိုးကားမည့် အချက်အလက်ကို ဆိုသည်။

(ဏ) **လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက်အလက်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် လက်ခံရရှိထားသည့် အချက်အလက်သည် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်နှင့်သာ သက်ဆိုင်သည့် ထုတ်ဖော်ပြောဆိုခွင့် မရှိသော စာရင်းအင်းအချက်အလက်ကို ဆိုသည်။

(တ) **စာရင်းအင်းဆိုင်ရာကိစ္စရပ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို အသုံးပြုရေး အတွက် ပြုစုဆောင်ရွက်သည့် လုပ်ငန်းရပ်များ၊ ပေါင်းစပ်ညှိနှိုင်းရသည့် လုပ်ငန်းရပ် များကို ဆိုသည်။

(ထ) **စာရင်းအင်းဆိုင်ရာအချက်အလက်** ဆိုသည်မှာ တရားဝင်စာရင်းအင်း ပြုစုထုတ်ပြန်ရန် ကောက်ယူစုဆောင်းရရှိထားသည့် ကိန်းဂဏန်းအချက်အလက်ကိုဆိုသည်။

(ဒ) **အရည်အသွေးပြည့်ဝသည့် စာရင်းအင်း** ဆိုသည်မှာ ဓမ္မဓိဋ္ဌာန်ကျမှု၊ တိကျပြည့်စုံမှန်ကန်မှု၊ စပ်ဆိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မှုရှိသည့် စာရင်းအင်းကို ဆိုသည်။

(ဓ) **စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရန် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများမှ စာရင်းအင်း အချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ ညွှန်းကိန်းများ တွက်ချက် တိုင်းတာခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သုံးသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း၊ သိမ်းဆည်းခြင်းတို့နှင့်သက်ဆိုင်သည့် တာဝန်ယူဆောင်ရွက်မှုများကို ဆိုသည်။

(န) **မေးခွန်းဖြေကြားသူ** ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များကို ဖြေကြားဆောင်ရွက်သော ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ကို ကိုယ်စားပြု ဖြေကြားဆောင်ရွက်သူကိုသော်လည်းကောင်း ဆိုသည်။

(ပ) **စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ** ဆိုသည်မှာ မူလစာရင်းအင်းအချက်အလက်ကို ဖြစ်စေ၊ တစ်ဆင့်ခံစာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ တရားဝင်စာရင်းအင်းကို ဖြစ်စေ ထုတ်ပြန်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

(ဖ) **စာရင်းအင်းအချက်အလက် ထုတ်ပြန်ခြင်း** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လျှို့ဝှက် ထိန်းသိမ်းထားရမည့် အချက်အလက်နှင့် သက်ဆိုင်ခြင်းမရှိသော မူလစာရင်းအင်း အချက်အလက်ကိုဖြစ်စေ၊ တစ်ဆင့်ခံစာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ တရားဝင် စာရင်းအင်းကိုဖြစ်စေ သုံးစွဲသူများသို့ ရယူအသုံးပြုခွင့်ပေးခြင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိကျမှန်ကန်၍ အရည်အသွေး ပြည့်ဝပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်စေရန်၊

(ခ) မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ရာတွင်လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင်လည်းကောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊

(ဃ) စာရင်းအင်းနှင့်သက်ဆိုင်သောဌာန၊ အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်နှင့် လွယ်ကူချောမွေ့စေရန်၊

(င) အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူတို့အကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြင့်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဝန်ကြီးအဆင့်ရှိသူ၊ ဒုတိယဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအဆင့်ရှိသူ စာရင်းအင်းအချက်အလက်နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ | အဖွဲ့ဝင်များ |

(၄) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်များ

(၅) စာရင်းအင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင် နှစ်ဦး — အဖွဲ့ဝင်များ

(၆) ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ — အတွင်းရေးမှူး

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာရင်းအင်းဆိုင်ရာမူဝါဒနှင့် အခြေခံစည်းမျဉ်းများ ချမှတ်ခြင်း၊

( ခ ) စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာချမှတ်ခြင်း၊ အကောင်အထည်ဖော်စေခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုများပေးခြင်း၊

( ဂ ) အရည်အသွေးပြည့်ဝ၍ ယုံကြည်စိတ်ချရသော အမျိုးသားစာရင်းအင်းစနစ် တည်ထောင်ခြင်း၊

(ဃ) စာရင်းအင်းဆိုင်ရာအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ အဆင့်ဆင့်အား လမ်းညွှန်မှုပေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊

( င ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့်အခြားစာရင်းအင်း ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မှုကိုကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

( စ ) စာရင်းအင်းဆိုင်ရာအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များပါဝင်သော စာရင်းအင်းလုပ်ငန်း အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတကာစာရင်းအင်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အမျိုးသားစာရင်းအင်း စနစ်အပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

( ဇ ) နိုင်ငံတော်မှ နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာအချက်အလက်များကို အချိန်မီပေးပို့ရန် သက်ဆိုင်ရာသို့ ညွှန်ကြားခြင်း၊

( ဈ ) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့်အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ည) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း၊

(ဋ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းနှင့်သက်ဆိုင်သော စာရင်းအင်းဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ် စာရင်းအင်းဆိုင်ရာအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့်ယင်းတို့၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဂ) တရားဝင်စာရင်းအင်းနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လမ်းညွှန်မှုပေးခြင်း၊

(ဃ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများကို သတ်မှတ်ခြင်း၊

(င) မူလစာရင်းအင်းအချက်အလက်နှင့် လူမှုစီးပွားဆိုင်ရာစစ်တမ်းများ ကောက်ယူရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့အား တာဝန်ပေးအပ်ခြင်း။

၇။ ဗဟိုကော်မတီ အစည်းအဝေးကို အနည်းဆုံး သုံးလတစ်ကြိမ် ကျင်းပရမည်။

၈။ ဗဟိုကော်မတီသည် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူထံမှ ယင်းတို့ ကြီးကြပ်ဆောင်ရွက်သည့် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို တောင်းခံရယူပိုင်ခွင့်ရှိသည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဗဟိုစာရင်းအင်းအဖွဲ့သို့ လိုအပ်သလို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ စာရင်းအင်းဆိုင်ရာ လက်ရှိဆောင်ရွက်မှုများမှ လိုအပ်သော အချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါက သက်ဆိုင်ရာဒေသအဆင့်ဆင့်မှ စာရင်းအင်းများကိုရယူ၍ လုပ်ငန်းများဆောင်ရွက်နိုင်ကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာရင်းအင်းဆိုင်ရာ အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများကို ဗဟိုကော်မတီက ခွင့်ပြုနိုင်သည်။

## အခန်း(၅)
## စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များ

၁၁။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားဝင်စာရင်းအင်းနှင့် သက်ဆိုင်သောနှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်းဆိုင်ရာ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် စာရင်းအင်းဆိုင်ရာကိစ္စရပ်တွင် ပါဝင်ပတ်သက်သူအားလုံးနှင့် ဦးဆောင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် သတ်မှတ်ထားသော စံနှုန်းများ ကိုက်ညီစေရေးအတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရရှိရေးအတွက် တင်ပြခြင်း၊

(ဃ) လူမှုစီးပွားအခြေအနေကို ထင်ဟပ်ဖော်ပြသည့် စာရင်းအင်းများ၊ စစ်တမ်းများ၊ သန်းခေါင်စာရင်းများ၊ ညွှန်းကိန်းများကောက်ယူပြုစုရေးအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် ပူးပေါင်းကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) တရားဝင်စာရင်းအင်းများ ကောက်ယူရေးအတွက်ဖြစ်စေ၊ အုပ်ချုပ်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်များအတွက်ဖြစ်စေ ဆောင်ရွက်သည့် တရားဝင်စာရင်းအင်းနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို နှစ်စဉ် ပြန်လည်စိစစ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း၊

(စ) အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အချက်အလက်များအား နည်းလမ်းတကျခွဲခြမ်းစိတ်ဖြာ၍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနများ ဆောင်ရွက်ရန်နှင့် မူဝါဒဆိုင်ရာ အချက်အလက်များ ပြုစုတင်ပြဆောင်ရွက်ခြင်း၊ စာရင်းအင်းထုတ်ပြန်မှုအရည်အသွေးကို အကဲဖြတ်ခြင်း၊ လေ့လာစိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

(ဆ) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခြင်း၊ စီမံချက်များနှင့် အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လေ့လာစိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဇ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ချက်များကို ဗဟိုကော်မတီသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

(ဈ) လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များမှအပ ထုတ်ပြန်သင့်သည့် တရားဝင်စာရင်းအင်းများကို သတင်းကဏ္ဍများမှ ထုတ်ပြန်နိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုစာရင်းအင်းအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များရှိ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးခွဲများအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စာရင်းအင်းဆိုင်ရာအချက်အလက် ပေးပို့ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိခြင်း၊

(ဋ) စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပိုမိုလျင်မြန်စွာ ကောက်ယူစုဆောင်းနိုင်ရေးအတွက်အီလက်ထရောနစ် အသုံးချ အချက်အလက် စနစ်ထူထောင်ခြင်း၊

(ဌ) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများအကြား စာရင်းအင်း ကောက်ယူသည့်စနစ်နှင့်စာရင်းအင်းပြုစုခြင်းဆိုင်ရာ နည်းစနစ်များတစ်ပြေးညီဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း၊ သင်တန်းပေးခြင်း၊

(ဍ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့်အရည်အသွေးကိုမြှင့်တင်ရန် သင်ရိုးညွှန်းတမ်း ရေးဆွဲဆောင်ရွက်ခြင်းနှင့် စာရင်းအင်းနည်းပညာဖွံ့ဖြိုးရေး သင်တန်းများဖွင့်လှစ်ခြင်း၊

(ဎ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သည့်စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များကိုအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စာရင်းအင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာစာရင်းအင်းဆိုင်ရာအချက်အလက် ပြုစုထုတ်ပြန်သူများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်သုံးစွဲသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံကိုယ်စားပြုဆောင်ရွက်ခြင်း၊

(ထ) နိုင်ငံတော်၏ စီးပွားရေးအတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကိုထောက်ရှု၍ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာစစ်တမ်းများ ကောက်ယူရေးကို စနစ်တကျရေးဆွဲထားသော အခြေခံမူအရဖြစ်စေ၊ လိုအပ်ချက်အပေါ်မူတည်၍ဖြစ်စေ စီစဉ်ဆောင်ရွက်လုပ်ကိုင်ခြင်း၊

(ဒ) ဗဟိုကော်မတီကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည်-

(က) ဗဟိုစာရင်းအင်းအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားချက်ထက်မပိုစေဘဲ အရေးပေါ်ဆောင်ရွက်ရန် အကြောင်းကိစ္စရပ်များ သို့မဟုတ် လုပ်ငန်းများကို လျင်မြန်

ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် စာရင်းအင်းဆိုင်ရာအချက်အလက် ကောက်ယူစုဆောင်းခြင်း အစီအစဉ်ကိုလည်းကောင်း၊ လုပ်ငန်းနယ်ပယ်နှင့်ပမာဏကိုလည်းကောင်း ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြခြင်း ပြုနိုင်သည်။

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုရန်ပုံငွေ လုံလောက်မှုမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၆)

## ကဏ္ဍအလိုက် စာရင်းအင်းများ

၁၃။ စာရင်းအင်းနှင့်သက်ဆိုင်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အမျိုးသား စာရင်းအင်းစနစ် အကောင်အထည်ဖော်ဆောင်ရာတွင် အဓိက ပါဝင်ပတ်သက်သူများအဖြစ် ဆောင်ရွက်ရမည်။

၁၄။ ဗဟိုကော်မတီက ချမှတ်ထားသော စာရင်းအင်းဆိုင်ရာ မူဝါဒများကို အမျိုးသားစာရင်းအင်း စနစ်တွင် ပါဝင်ပတ်သက်သူတို့က အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၅။ စာရင်းအင်းနှင့်သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ကဏ္ဍအလိုက် စာရင်းအင်းများကို ပြုစုရမည့်အပြင် တည်ဆဲဥပဒေများ၌ သတ်မှတ်ဖော်ပြထားသော သီးခြားညွှန်ကြားချက်များအရ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ ထားရှိမှုစနစ်များမှ ကဏ္ဍအလိုက် အချက်အလက်များကို ကောက်ယူစုဆောင်းရမည်။ တရားဝင် စာရင်းအင်းများကို အဆိုပါအချက်အလက် ဇာစ်မြစ်များမှ ထုတ်နုတ်ရမည်။

၁၆။ စာရင်းအင်းနှင့်သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဗဟိုကော်မတီက အတည်ပြုထားသော စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်နှင့်အညီ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများကို ကောက်ယူပြုစုခြင်းနှင့် ထုတ်ပြန်ခြင်းတို့တွင် ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

၁၇။ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အချိန်ကာလ၊ စည်းကမ်းသတ်မှတ်ချက်၊ အဓိပ္ပာယ်ဖော်ပြချက်၊ စာရင်းအင်းဆိုင်ရာ နည်းလမ်း၊ အချက်အလက်ကောက်ယူမည့်နမူနာပုံစံ၊ လုပ်ငန်းအချိန်ဇယားစသည့် သတ်မှတ်ချက်များ ပါဝင်သော စီမံချက်နှင့်စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက်ရရှိရန် ဗဟိုကော်မတီထံ တင်ပြရမည်။

၁၈။ ဗဟိုကော်မတီသည် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူက ပုဒ်မ ၁၇ အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ခြင်းမရှိကြောင်းတွေ့ရှိရလျှင် ယင်းခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။

## အခန်း (၇)
## စာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း

၁၉။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် သန်းခေါင်စာရင်း၊ စစ်တမ်း သို့မဟုတ် အခြား စာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် သင့်လျော်သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ ပါဝင်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ စီမံဆောင်ရွက်နိုင်သည်။

၂၀။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသူသည် စာရင်းအင်း ကောက်ယူစုဆောင်းမည်ဆိုပါက သက်ဆိုင်ရာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံ ကြိုတင်အကြောင်းကြားရမည်။

၂၁။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် ဤဥပဒေအရ တရားဝင် စာရင်းအင်းများ ကောက်ယူရန်ကိစ္စအလို့ငှာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံမှ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို မေးမြန်းကြည့်ရှုရယူ ခွင့်ရှိသည်။

၂၂။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် ဤဥပဒေပါ စာရင်းအင်း ဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများအနက်မှ ရယူလိုသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တောင်းဆိုသောအခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက ထုတ်ပေးရမည်။

၂၃။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ဆိုင်ရာ သက်သေခံလက်မှတ်များ၊ တင်ပြချက်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့် မှတ်တမ်းများကို စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာနထံမှ တောင်းခံရယူပိုင်ခွင့်ရှိသည်။

၂၄။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ် အတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံမှ ယင်းတို့ကန့်သတ်ထားသော စာရင်းအင်းနှင့်သတင်းအချက်အလက်များကို တောင်းခံရယူပိုင်ခွင့်ရှိသည်။

## အခန်း (၈)
## မေးခွန်းဖြေကြားသူ၏ တာဝန်နှင့် အခွင့်အရေး

၂၅။ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ် တစ်ရပ်ရပ်အတွက်သော်လည်းကောင်း၊ အမျိုးသားစာရင်းအင်းစနစ် အတွင်းမှ အချက်အလက်ဆိုင်ရာ အခြားလုပ်ထုံးလုပ်နည်းများ အတွက်သော်လည်းကောင်း ပြည့်စုံ မှန်ကန်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များတောင်းခံလျှင် ဗဟိုစာရင်းအင်းအဖွဲ့သို့ အချိန်မီ အခမဲ့ ပေးအပ်ရန် တာဝန်ရှိသည်။

၂၆။ စာရင်းအင်းကောက်ယူရာတွင် မေးခွန်းဖြေကြားသူသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အချိန်ကာလနှင့် လိုက်လျောညီသည့် တိကျပြည့်စုံသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပေးအပ်ရမည်။

၂၇။ မေးခွန်းဖြေကြားသူသည် မိမိထုတ်ဖော်ပြောဆိုထားသော သက်ဆိုင်ရာစာရင်းအင်းကောက်ယူသည့် ဌာနမှ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်ကို ယင်းဌာနသို့ ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်။

၂၈။ တရားဝင်စာရင်းအင်း ကောက်ယူစုဆောင်းခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မေးခွန်းဖြေကြားသူသည် အောက်ပါတို့ကို သိပိုင်ခွင့်ရှိသည်-

(က) စာရင်းအင်းဆိုင်ရာအချက်အလက် ကောက်ယူစုဆောင်းခြင်း၏ ရည်ရွယ်ချက်၊ ကောက်ယူသည့် အချက်အလက်များအား အသုံးပြုခြင်းနှင့် ဖြေဆိုရမည့် မေးခွန်းများ၊

(ခ) ကောက်ယူစုဆောင်းရရှိသော အချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းထားခြင်းအပါအဝင် မှတ်တမ်းတင်ထားမည့် လုပ်ထုံးလုပ်နည်းများနှင့် ပြုစုမည့်စာရင်းအင်းများကို ထုတ်ပြန်မည့်အချိန်ဇယား။

၂၉။ လူဦးရေနှင့်သန်းခေါင်စာရင်းမှအပ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် မေးခွန်းဖြေကြားသူ၏ လူမှုအကျိုးစီးပွားကို ထိခိုက်စေနိုင်သော မေးခွန်းဖြစ်သည်ဟု မေးခွန်းဖြေကြားသူက တင်ပြလျှင် စာရင်းအင်းဆိုင်ရာ အကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသူက မှတ်တမ်းတင်ပြီး မေးခွန်းဖြေကြားသူကို ဖြေဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၉)
## တရားဝင်စာရင်းအင်းများ ထုတ်ပြန်ခြင်း

၃၀။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် တရားဝင်စာရင်းအင်းများကို ကြိုတင်ထုတ်ဝေထားသည့် လုပ်ငန်းအချိန်ဇယားအတိုင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ပြန်ရမည်။

၃၁။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များမှ သတင်းအချက်အလက်များကို စာရင်းအင်းဆိုင်ရာ အကျဉ်းချုပ်များ သို့မဟုတ် စာရင်းအင်းဆိုင်ရာ ဇယားများအဖြစ် ထုတ်ပြန်ရမည်။

၃၂။ အမျိုးသားစာရင်းအင်းစနစ်ရှိ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူက တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရာတွင် သင့်လျော်သည့် နည်းလမ်းဖြင့် ထုတ်ပြန်နိုင်သည်။

၃၃။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူများသည် မိမိတို့သတ်မှတ်ထားသည့်အခကို သုံးစွဲလိုသူကပေးသွင်းလျှင် လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်မှအပ အခြားသိရှိလိုသည့် စာရင်းအင်းအချက်အလက်များကို သုံးစွဲခွင့်ပြုနိုင်သည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၃၄။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများ သို့မဟုတ် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမျှ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၅။ စာရင်းအင်းအချက်အလက်ပြုစု ထုတ်ပြန်သူ မည်သူမျှ ပုဂ္ဂိုလ်၊ အိမ်ထောင်စု သို့မဟုတ် အဖွဲ့အစည်းနှင့်သက်ဆိုင်သော ပြည်သူ့ရေးရာ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက် သို့မဟုတ် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ အိမ်ထောင်စု သို့မဟုတ်အဖွဲ့အစည်း၏ သဘောတူညီကြောင်းစာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၃၆။ စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမျှ ကောက်ယူခဲ့သည့် တရားဝင်စာရင်းအင်းကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ ထုတ်ပြန်ရာ၌ သက်ဆိုင်ရာ အမျိုးသားစာရင်းအင်းစနစ်တွင်ပါဝင်ပတ်သက်သူက သဘောတူကြောင်း စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အကြောင်းအချက်တစ်ခုခုသည် ၎င်းကို ရည်ညွှန်းသည်ဟု သိရှိနိုင်ရန် ဖော်ပြသည့် နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ကြေညာခြင်းမပြုရ။

၃၇။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမျှပုဒ်မ ၃၂ အရ တရားဝင်စာရင်းအင်းများ ထုတ်ပြန်ရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ အမည်များကို ဖော်ပြခြင်းမပြုရ။

၃၈။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမျှသုတေသနလုပ်ငန်းအတွက်ဖြစ်စေ၊ စစ်တမ်းအတွက်ဖြစ်စေ မေးမြန်းရရှိသည့် အသေးစိတ်အချက်အလက်များကိုသော်လည်းကောင်း၊ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကိုသော်လည်းကောင်း ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၃၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုဆောင်ရွက်သည့်ကိစ္စရပ်မှအပ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် သက်ဆိုင်သောသတင်းအချက်အလက် တစ်စုံတစ်ရာကိုစာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် မည်သူ့ကိုမျှ ကြည့်ရှုရယူလွှဲပြောင်းသုံးစွဲခွင့် မပြုရ။

၄၀။ မည်သူမျှ -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူစုဆောင်းသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပေးအပ်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းမပြုရ။

(ခ) မှန်ကန်ခြင်းမရှိသည်ကိုသိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း မမှန်ကန်သော အကြောင်းအရာ သို့မဟုတ် စာရင်းအင်း အချက်အလက်များကို ပေးအပ်ခြင်းမပြုရ။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာအချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

၄၁။ မည်သူမျှ မူလစာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ စာရင်းအင်းဆိုင်ရာအချက်အလက်ကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းမပြုရ။

## **အခန်း(၁၁)**
## **ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၄၂။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၄၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၃။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများ သို့မဟုတ် စာရင်းအင်း အချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်သိန်း ၁၀၀ ထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဆက်လက်ကျူးလွန်နေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှု ကျူးလွန်သည့် ပထမနေ့ရက်မှအပ ဆက်လက်ကျူးလွန်သည့်နေ့ရက်များအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း

သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက တစ်ရက်လျှင် ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက တစ်ရက်လျှင် ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ကိုလည်းကောင်း ချမှတ်ရမည့်အပြင် မမှန်သောအကြောင်းအချက်များ သို့မဟုတ် မမှန်သောစာရင်းများ သို့မဟုတ် မမှန်သောအဖြေများနှင့်သက်ဆိုင်သည့်ပြစ်မှုကို မှန်သောအကြောင်းပြချက် သို့မဟုတ် မှန်သောစာရင်း သို့မဟုတ် မှန်သောအဖြေပေးအပ်သည့်နေ့တိုင်အောင် ဆက်လက်ကျူးလွန်နေသည်ဟု မှတ်ယူရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၅ မှ ပုဒ်မ ၄၁ အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သက်ဆိုင်ရာပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ လည်းကောင်း သဘောရိုးဖြင့် ဆောင်ရွက်သည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မည်သူ့ကိုမျှ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

## အခန်း(၁၂)
## အထွေထွေ

၄၈။ ဤဥပဒေ စတင်အာဏာသက်ရောက်သည့် နေ့မှစ၍ တစ်နှစ်အထိအချိန်ကာလကို ပညာပေး ကာလဟု သတ်မှတ်၍ ၎င်းကာလကျော်လွန်လျှင် တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ ချမှတ်ရမည်။

၄၉။ ဤဥပဒေအရ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးအပ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ -

(က) အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ယင်းအသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း၏ ဦးဆောင်အဖွဲ့ အကြီးအမှူးတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ခ) စီးပွားရေးလုပ်ငန်းဖြစ်လျှင် ယင်းစီးပွားရေးလုပ်ငန်းရှင်တွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ဂ) ကုမ္ပဏီဖြစ်လျှင် ယင်းကုမ္ပဏီကို ဦးဆောင်သည့် ဒါရိုက်တာတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ဃ) အသင်းအဖွဲ့၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတွင် ဤဥပဒေပါ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆောင်ရွက်ရန် တာဝန်ကို ၎င်းတို့၏ ကိုယ်စား တစ်ဦးတစ်ယောက်အား လွှဲအပ်ထားကြောင်း စာရင်းအင်းဆိုင်ရာအကြီးအမှူးထံ သတ်မှတ်ချက်နှင့်အညီ အမည်စာရင်း တင်သွင်းပေးပို့ထားရမည်။ အမည်စာရင်း ပြောင်းလဲလိုပါက စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ စာဖြင့်ပေးပို့ရမည်။

၅၀။ မည်သူမဆို စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထောက်ပြအကြံပြုချက်များကို စာရင်းအင်းဆိုင်ရာအကြီးအမှူးထံသို့ ပေးပို့နိုင်သည်။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြရမည်။

၅၁။ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့် အညီသာ ဆောင်ရွက်ရမည်။

၅၂။ ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပုဒ်မ ၄၃ အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်း ဆောင်သူများသည် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနနှင့်ဗဟိုစာရင်းအင်းအဖွဲ့သည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေများ၊ စရိတ်များ အပါအဝင် ဗဟိုကော်မတီ၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကျခံရမည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၆။ ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (အက်ဥပဒေအမှတ် ၃၄/၁၉၅၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်